ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန

ကြေညာချက် (၃/၂၀၂၁)

မေလ ၂၆ ရက် ၂၀၂၁ ခုနှစ်။

အကြမ်းဖက်စစ်ကောင်စီ၏ လက်အောက်ခံ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) သည် တရားဝင်ခြင်းမရှိသည့်အတွက် ယင်းအဖွဲ့အစည်းက အတည်ပြုလိုက်သော ရင်းနှီးမြှုပ်နှံမှုများ၊ စီမံကိန်းများအား အမျိုးသားညီညွတ်ရေးအစိုးရက အသိအမှတ်ပြု လက်ခံမည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာချက်

၁။ ၂၀၂၁ ခုနှစ်၊ဖေဖော်ဝါရီလ ၁ ရက်နေ့ တွင် နိုင်ငံတော်အာဏာအား တရားမဝင်လုယူခဲ့သည့် အကြမ်းဖက်စစ်ကောင်စီသည် ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်ဖွဲ့စည်းထားသည့် အရပ်သားအစိုးရ၏ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွါးဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ဥက္ကဋ္ဌ ကို ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းကာ ကော်မရှင်အား ၎င်းတို့ဩဇာခံ လူပုဂ္ဂိုလ်များဖြင့် အစားထိုးခန့်အပ်ခဲ့ပါသည်။

၂။ ထိုကဲ့သို့ တရားမဝင် အကြမ်းဖက်စစ်ကောင်စီ၏ ဩဇာခံ လူပုဂ္ဂိုလ်များနှင့် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းလိုက်သည့် အချိန်မှစ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဥပဒေအရ တရားဝင်မှုမှာလည်း အလိုအလျောက် ပျက်ပြယ်သွားခဲ့ပြီးဖြစ်သည့်အတွက် ယင်းကော်မရှင်မှ ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာခွင့်ပြုမိန့်များ နှင့် အတည်ပြုမိန့်များသည် တရားဝင်မှုမရှိသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့်များသာဖြစ်သည်။

၃။ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲရလဒ်အရ တရားဝင် ဖြစ်ထွန်းပေါ်ပေါက်လာသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြု ကော်မတီက ခန့်အပ်သည့် ခေတ္တပြည်ထောင်စုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ မတ်လ (၁၃) ရက်စွဲဖြင့် အဆိုပါ ခွင့်ပြုမိန့်များနှင့် အတည်ပြုမိန့်များကို အသိအမှတ်ပြုလက်ခံမည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည့် ကြေညာချက်အား အမျိုးသားညီညွတ်ရေးအစိုးအရ အနေဖြင့် ထပ်လောင်းအတည်ပြုပါသည်။

၄။ ထို့ကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ တရားမဝင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှ ခွင့်ပြုလိုက်သည့် စီမံကိန်းများသည် ခွင့်ပြုမိန့်မရှိသော၊ တရားဝင်မှုမရှိသော၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှုမရှိသော စီမံကိန်းများဖြစ်ကြောင်း အဆိုပါစီမံကိန်းများတွင် ပါဝင်ပတ်သက်နေသည့် ဘဏ်များနှင့် ဘဏ္ဍာရေး အဖွဲ့အစည်းများအား သတိပေးလိုက်သည်။

၅။ အကြမ်းဖက်စစ်ကောင်စီက နိုင်ငံတော်အာဏာအား တရားမဝင်လုယူထားချိန်တွင် စီမံကိန်းများနှင့် ပတ်သက်၍ စစ်မှန်ပြည့်ဝသော လူထုပါဝင်မှုနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခြင်း မရှိသည့်အတွက် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (EIA) ကို မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေနှင့်အညီ လက်ရှိကာလတွင် ပြုလုပ်ဆောင်ရွက်နိုင်ခြင်း အလျဉ်းမရှိပါ။ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း ပြည့်စုံစွာ ပြုလုပ်ဆောင်ရွက် ပြီးစီး၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ၂၀၁၅ (EIA Procedures 2015) နှင့်အညီ လိုအပ်သည့် သက်ဆိုင်ရာခွင့်ပြုချက်များ မထုတ်ပြန်မချင်း မြန်မာနိုင်ငံတွင် မည်သည့် အမိက စီမံကိန်းကိုမှ အတည်ပြုခွင့်မရှိပါ။

၆။ အဆိုပါ စီမံကိန်းများကို ထောက်ပံ့ပေးသူ (sponsors) များသည် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ တည်ဆောက်ခြင်းနှင့် လည်ပတ်ခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူလူထုအပေါ် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးမှုများ အားလုံးအတွက် တာဝန်ယူရမည့်အပြင် မည်သည့်နစ်နာကြေးပုံစံကိုမှ ပြန်လည်တောင်းဆိုပိုင်ခွင့်မရှိကြောင်း သိစေအပ်သည်။

၇။ ထိုကဲ့သို့စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ကုမ္ပဏီများ၏ဒါရိုက်တာများ၊ အရာရှိများနှင့် စီနီယာမန်နေဂျာများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆ ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၂၀၁၂ ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ၂၀၁၄၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ၂၀၁၃ နှင့် ရာဇသတ်ကြီးပုဒ်မများနှင့်အညီ အရေးယူခံရမည်ဖြစ်သည်။

၈။ ကျွန်ုပ်တို့ အမျိုးသားညီညွတ်ရေးအစိုးရသည် မြန်မာပြည်သူလူထုအတွက် ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းစေမည့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများအား အစဉ်အမြဲကြိုဆိုပြီး လွယ်ကူအဆင်ပြေစေရန် ပံ့ပိုးကူညီသွားမည်ဖြစ်သည်။ စီးပွါးရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများကို အသိအမှတ်ပြုလေးစားရန်၊ စီးပွါးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက်အခြေခံမှုများကိုလိုက်နာရန်နှင့် မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအရေးကို ဆုတ်ယုတ်စေသည့် ရင်းနှီးမြှုပ်နှံမှုများအား ဆောင်ရွက်ခြင်းမပြုကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

တင်ထွန်းနိုင်

ပြည်ထောင်စုဝန်ကြီး

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန